## တလနီးပါးဖမ်းဆီးခံခဲ့ရသည့် အရှင်ဂမ္ဘီရ၏ခမည်းတော် ဦးမင်းလွင် ပြန်လွတ်
## ၄ ဒီဇင်ဘာ ၂၀၀၇

မန္တလေးအိုးဘိုထောင်မှာ ချုပ်နှောင်ခံခဲ့ရတဲ့ သံဃာ့တပ်ပေါင်းစုရဲ့ ပြောရေးဆိုခွင့်ရှိသူ အရှင်ဂမ္ဘီရရဲ့ခမည်းတော် ဦးမင်းလွင်ကို မြန်မာစစ်အစိုးရက ညက ပြန်လွှတ်ပေးလိုက်ပါတယ်။ အသက် ၇၀ ကျော် ဦးမင်းလွင်ကို အာဏာပိုင်တွေက သားနဲ့ပတ်သက်ပြီး စစ်ဆေးမေးမြန်းပြီးတဲ့နောက် တလလောက် ဖမ်းဆီးခဲ့တာဖြစ်ပါတယ်။ အသေးစိတ်ကို ကိုသိန်းထိုက်ဦးက တင်ပြပေးထားပါတယ်။

အရှင်ဂမ္ဘီရရဲ့ခမည်းတော် ဦးမင်းလွင် မန္တလေးအိုးဘိုထောင်မှာ အကျဉ်းချခံခဲ့ရတယ်ဆိုတာကို ပြန်လည်လွှတ်မြောက်လာမှပဲ မိသားစုတွေက သိခဲ့ကြတာပါ၊ စောစောပိုင်းက သူ့ကို ဘယ်မှာချုပ်နှောင်ထားတယ်ဆိုတာ အာဏာပိုင်တွေက အကြောင်းမကြားခဲ့ပါဘူး။ ညက အိမ်ကိုပြန်ရောက်လာတဲ့အခြေအနေတွေနဲ့ အကျဉ်းထောင်ထဲမှာ နေခဲ့ရတဲ့အခြေအနေကို ဦးမင်းလွင်ရဲ့ဇနီး၊ အရှင်ဂမ္ဘီရရဲ့မိခင် ဒေါ်ရေးက အခုလိုပြောပါတယ်။

> "အခု အိမ်မှာ ညကရောက်ပါတယ်။ ကျန်းမာရေးက အထဲမှာတော့ သွေးတိုးပေါ်သေးတယ်။ သွေးတိုးက မပေါ်တာကြာပြီ။ စိတ်ဖိစီးမှုရော ဘာရောနေမှာပေ့ါကွယ်။ သူ့ကို စဉ့်ကိုင်မှာမိတယ်။ သားအဖနှစ်ယောက်စလုံးမိတာပါ။ နောက် ဟိုနေ့ကပျောက်နေတော့ စဉ့်ကိုင်ကိုသွားမေးမယ်ပေ့ါ၊ သတင်းတွေက ဘယ်မှစုံစမ်းလို့မရဘူး။ သူစအဖမ်းခံရတာက နိုဝင်ဘာ ၄ ရက်နေ့။ ဒီနေ့ ၄ ရက်နေ့ဆိုတော့ တလနီးနီးပေ့ါ၊ မနေ့ညကမှရောက်တာကိုး။ စစ်ကြောရေးမှာ ၂ ရက်လောက်နေရသေးတယ်။ ဦးဇင်းကိုတော့ ၇ ရက်လောက် စစ်တယ်။ ညအလင်းပေါက်ပဲတဲ့၊ မအိပ်ရဘူးတဲ့"

ဒါကတော့ ဦးမင်းလွင် အကျဉ်းထောင်ထဲမှာ ဖမ်းဆီးခံခဲ့ရတဲ့အခြေအနေ အရှင်ဂမ္ဘီရအကြောင်း သူသိသမျှကို ဇနီးဖြစ်သူ ဒေါ်ရေး ပြောပြသွားတာပါ။

သံဃာ့တပ်ပေါင်းစုရဲ့ ပြောရေးဆိုခွင့်ရှိသူ အရှင်ဂမ္ဘီရရဲ့အစ်ကိုဖြစ်တဲ့ ကိုအောင်ကျော်ကျော်ကိုလည်း စစ်အစိုးရက အင်းစိန်ထောင်မှာ ဖမ်းဆီးထားပါတယ်။ ကိုအောင်ကျော်ကျော်ကို ရန်ကုန်မြို့မှာ အာဏာပိုင်တွေက ဖမ်းဆီးခဲ့တာဖြစ်ပြီး သူ့ရဲ့ကျန်းမာရေးကတော့ ကောင်းမွန်တဲ့အကြောင်း ထောင်ဝင်စာသွားတွေ့ခွင့်ရတဲ့ မိသားစုတွေက ပြောပါတယ်။

ဦးမင်းလွင်ကတော့ အရှင်ဂမ္ဘီရကို စိတ်မချတဲ့အတွက် ပြီးခဲ့တဲ့လက စဉ့်ကိုင်မြို့ကိုလိုက်အသွား သားအဖနှစ်ယောက်လုံး အဖမ်းခံခဲ့ရတာလို့လည်း ဒေါ်ရေးကပြောပါတယ်။

> "ပါးစပ်ကတော့ ထုတ်မပြောဘူး။ ဒါပေမယ့် သားတွေကို တော်တော်ချစ်တာ၊ သူ တအားစိုးရိမ်ပြီးမှ လိုက်သွားတာ။ လိုက်သွားတော့ သားအငယ်တွေကပြောတယ်၊ ဦးဇင်းအောက် ၂ ယောက်ရှိသေးတယ်၊ အဖေကအသက်ကြီးပြီ၊ ကျနော်တို့ တယောက်ယောက်လိုက်ပို့လိုက်မယ်ဆိုတော့ နေပါစေဆိုပြီး တော့မှ လိုက်သွားတာ။ ဘာလို့ကလေးတွေကို မပို့ခိုင်းတာလဲလို့ မနေ့ညကမေးကြည့်တော့ သူတို့ဆိုရင် လူငယ်တွေဆိုတော့ ပိုပြဿနာတက်မှာပေ့ါတဲ့၊ အဲတော့ ငါပို့တာက တော်သေးတယ်တဲ့၊ ငါက အသက်ကြီးပြီတဲ့၊ အဲလိုပြောပါတယ်"

တလကြာထိန်းသိမ်းထားတဲ့ကာလအတွင်းမှာ ဦးမင်းလွင်ကို အာဏာပိုင်တွေက မိသားစုနဲ့ အဆက်အသွယ်လုပ်ခွင့် မပေးခဲ့ပါဘူး။ ဦးမင်းလွင် အင်းစိန်ထောင်မှာရှိတယ်ဆိုပြီး သတင်းရတဲ့အတွက် အင်းစိန်ထောင်ကို ပါဆယ်တွေပို့ခဲ့ပေမယ့် ပစ္စည်းတွေပြန်ရောက်လာတဲ့အကြောင်းနဲ့ စဉ့်ကိုင်ရဲစခန်းကလည်း စဉ့်ကိုင်မှာမရှိတဲ့အကြောင်း၊ ဘယ်မှာထားတယ်ဆိုတာ မသိတဲ့အကြောင်း အကြောင်းပြန်ခဲ့တယ်လို့ ဒေါ်ရေးက ပြောပါတယ်။

အာဏာပိုင်တွေအနေနဲ့ အသက် ၇၀ ရှိပြီဖြစ်တဲ့ သူ့ရဲ့ခင်ပွန်းကို ဘယ်မှာထားတယ်ဆိုတာတော့ အနည်းဆုံး အကြောင်းကြားသင့်တယ်လို့ ဒေါ်ရေးက ပြောပါတယ်။

"ဘယ်နေရာမှာရှိတယ်ဆိုတာလေးတောင် ဘာလို့မပြောနိုင်ရတာလဲ။ အန်တီက အဲဒါကို စိတ်ထဲမှာ မကျေမနပ်ဖြစ်နေတာပေ့ါ။ တကယ်လို့ မလွှတ်နိုင်သေးရင်တောင်မှ ဘယ်နေရာမှာထားတယ်၊ ထောင်ဝင်စာပို့နိုင်တယ်ဆိုတာလေး၊ တွေ့လို့ရနိုင်တယ်ဆိုတာလေး ပြောဖို့ကောင်းတာပေ့ါ။ ဒီနေရာမှာ ဦးမင်းလွင်က ဘာမှကိုမလုပ်တာ။ သားကိုချစ်တဲ့ဇောနဲ့သာ လိုက်သွားတာ"

အရှင်ဂမ္ဘီရရဲ့မိခင် ဒေါ်ရေးပြောပြသွားတာပါ။

အခုတော့ ပျောက်ဆုံးနေတယ်ဆိုပြီး ဒေါ်ရေးစိုးရိမ်နေရတဲ့ အရှင်ဂမ္ဘီရရဲ့ဖခင် ဦးမင်းလွင်ကို ညက မိတ္ထီလာမြို့နယ်အတွင်းက ကျေးရွာနေအိမ်ကို အာဏာပိုင်တွေက ပြန်ပို့ပေးလိုက်ပါပြီ။

အသက် ၇၀ အရွယ်ရှိပြီဖြစ်တဲ့ ဦးမင်းလွင်ဟာ ရှစ်လေးလုံးကာလက သပိတ်ခေါင်းဆောင်တယောက်ဖြစ်ပြီး ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲကာလမှာ ဖမ်းဆီးခံခဲ့ရဖူးပါတယ်။ ပြီးခဲ့တဲ့ ၂ နှစ်က လေဖြတ်တဲ့ရောဂါခံစားရပြီး ကျန်းမာရေးမကောင်းတဲ့အကြောင်းလည်း ဒေါ်ရေးက ပြောပြသွားပါတယ်။